မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
June 9, 2025 Volume 91, Number 6

| ၉.၆.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၀.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၀.၈၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၇၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မေလအတွင်း ပြည်ပသို့ဆန်တန်ချိန် နှစ်သိန်းခွဲကျော် တင်ပို့ခဲ့




ပြီးခဲ့တဲ့ မေလအတွင်းက ပြည်ပကို ဆန်နဲ့ဆန်ကွဲ တန်ချိန် ၂၅၉,၅၀၁ ဒသမ ၃ တန် တင်ပို့ခဲ့တယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကသိရပါတယ်။

ပြည်ပကို ဆန်တန်ချိန် ၁၄၇,၈၈၂ ဒသမ ၃ တန်နဲ့ ဆန်ကွဲတန်ချိန် ၁၁၁,၆၁၉ တန်ကို ကုမ္ပဏီ ၆၀ ခု က ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေကနေ တင်ပို့နိုင်ခဲ့တာပါ။

ဆန်တင်ပို့ရာမှာ ဖိလစ်ပိုင် ၊ တရုတ် ၊ စပိန် ၊ နယ်သာလန် နိုင်ငံတွေကို ဆန်တန်ချိန် အများဆုံး တင်ပို့ခဲ့ပြီး စုစုပေါင်း နိုင်ငံ ၃၀ ကို တင်ပို့ခဲ့ပါတယ်။ အလားတူ ဆန်ကွဲကိုလည်း ဘယ်လ်ဂျီယံ ၊ တရုတ် ၊ အင်ဒိုနီးရှား ၊ နယ်သာလန် ၊ UK နိုင်ငံတွေကို အများဆုံး တင်ပို့ခဲ့ပြီး နိုင်ငံပေါင်း ၁၅ နိုင်ငံကို တင်ပို့ခဲ့တယ်လို့သိရပါတယ်။

အခုဘဏ္ဍာနှစ် နှစ်လအတွင်း ပြည်ပကို ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၄ သိန်းကျော် တင်ပို့ထားပြီ ဖြစ်တယ်လို MRF က ဖော်ပြထားတဲ့ အချက်အလက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို ဆန်နဲ့ဆန်ကွဲ တန်ချိန် ၂ ဒသမ ၄၈ သန်း ကျော် တင်ပို့နိုင်ခဲ့ပြီး ပိုကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံ ရရှိခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အိမ်မဲမြို့နယ်၌ ငရုတ်သီးစိမ်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ဒေသထွက် ငရုတ်သီးစိမ်းများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း အိမ်မဲမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မေလနောက်ဆုံးပတ်မှ စတင်ပြီး လက်ရှိအချိန်ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးစိမ်းများထွက်ပေါ်နေချိန်ဖြစ်ပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီဘက်ဒေသမှာ ငရုတ်သီးစိမ်းကိုအမျိုးအစားနှစ်မျိုး စိုက်ပျိုးကြပါတယ်။ လက်ရှိတောင်သူတွေ စိုက်ပျိုးထားတဲ့ ငရုတ်သီးတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းမွန်နေတော့ တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ။ ဒီနှစ်က ပြီးခဲ့တဲ့နှစ်ကထက် ငရုတ်စိုက်သူတွေ နည်းသွားတာကြောင့်လည်း ပါတယ်" ဟု ၎င်း ကပြောသည်။

အိမ်မဲမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ လုပ်သားများအဆင်ပြေလျက်ရှိသည့်အပြင် ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်းသီးနှံဈေးနှုန်းများတည်ငြိမ်ကျဆင်းစေကာဒေသခံပြည်သူများ၏သက်သာချောင်ချိရေးကိုအထောက်အကူပြုစေမည်ဖြစ်ကြောင်းသိရသည်။

Source : https://www.myawady.net.mm/

## ရော်ဘာတန်ချိန် လေးသိန်းခန့် ပြည်ပပို့ရန် လျာထား




ယခု၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို ရော်ဘာတန်ချိန် ၃ သိန်းခွဲကနေ ၃ သိန်း ၈ သောင်းဝန်းကျင် တင်ပို့နိုင်ဖို့ လျာထားတယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက သိရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က ပြည်ပကို ရော်ဘာတန်ချိန် ၃ သိန်းဝန်းကျင်သာ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၅၀၀ နီးပါး ရရှိခဲ့ပါတယ်။

နှစ်စဉ်ပြည်တွင်းသုံးစွဲမှုက ရော်ဘာတန်ချိန် ၂ သောင်းကျော်လောက်ရှိပြီး ပြည်ပကို တန်ချိန် ၃ သိန်းဝန်းကျင် တင်ပို့နေတာပါ။ ရော်ဘာကို ပြည်ပတင်ပို့ရာမှာ တရုတ်ကို ၇၅ ရာခိုင်နှုန်း တင်ပို့နေပြီး မလေးရှား ၊ အင်ဒိုနီးရှား ၊ ဗီယက်နမ်၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတွေကိုလည်း တင်ပို့နေတယ်လို့ သိရပါတယ်။

မြန်မာ့ရော်ဘာကို ပြည်ပတင်ပို့မှုကနေ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တစ်နှစ်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ကနေ သန်း ၄၅၀ အကြား ရရှိခဲ့တဲ့အတွက် ရော်ဘာသီးနှံဟာ နိုင်ငံခြားဝင်ငွေရရှိဖို့အတွက် အရေးပါတဲ့ စက်မှုသီးနှံ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုး အများအပြား တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်း လုပ်ကိုင် သူတစ်ဦးက ပြောသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလဲ ထိုးပိဿာ ၆၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက် မှ ၃၁ ရက်အထိ ငါးသလဲထိုးပိဿာ ၇၂,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလအတွင်း ငါးသလဲထိုးအပါအဝင် တခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လည်းမှာယူဖို့ရှိပါတယ်။ ကုန်ချိန်အများအပြားတင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ကုန်တင်ယာဉ်အငှားလိုက်သူတွေလည်း အဆင်ပြေလာတယ်"ဟု ၎င်းကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ တင်ပို့မှုအားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့်ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်းသိရသည်။

**Source :** https://www.myawady.net.mm/

## ကန့်ဘလူမြို့မဈေးတွင် ဒေသထွက်ရွှေဖရုံသီးများ ရောင်းချလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့ရှိမြို့မဈေးသည် နေ့စဉ်ဈေးရောင်းသူများ၊ဈေးဝယ်သူများနှင့်စည်ကားလျက်ရှိပြီး ရာသီပေါ်သီးနှံများ၊ ဒေသ ထွက်ကုန်များအပြင် အခြားဒေသမှဝင် ရောက်သည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိကြောင်း ၊ ယခုအခါ ဒေသထွက် ရွှေဖရုံသီးများ စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ရွှေဖရုံသီးများကို ကန့်ဘလူမြို့ပေါ်ရပ်ကွက်နှင့် ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာနှင့် အခြားသော ကျေးရွာများမှ ထွက်ရှိကြောင်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ပထမပတ်အတွင်း ကန့်ဘလူမြို့မဈေးတွင်ရောင်းချနေသည့် ရွှေဖရုံသီးဈေးနှုန်းများ မှာ ရွှေဖရုံသီးအလုံးကြီး ၁ လုံးလျှင် ၁၅၀၀ ကျပ်၊ရွှေဖရုံသီးအလုံးသေး ၁လုံးလျှင် ၁၀၀၀ ကျပ်၊ ရွှေဖရုံသီးစိပ် ၁ စိပ်လျှင် ၅၀၀ ကျပ်ဖြင့် ရောင်းချကြောင်း ကုန်စိမ်းရောင်းချသည့် လုပ်ငန်းရှင်များထံက သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းပြီး အာဆီယံငွေကြေးများ တန်ဖိုးမြင့်လာနိုင်

မလေးရှား၊ ရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်သော မေဘဏ်၏ အစီရင်ခံစာအရ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ဒေါ်လာအပေါ် အလွန်အမင်း မှီခိုနေမှုကိုလျှော့ချနေပြီး အခြားငွေကြေးများ ပြောင်းလဲအသုံးပြုလာခြင်းကြောင့် ယခုနှစ်အတွင်း မလေးရှားရင်းဂစ်၊ စင်ကာပူဒေါ်လာ၊ အင်ဒိုနီးရှားရူပီးနှင့် ထိုင်းဘတ် စသည့် အာဆီယံငွေကြေးများ ပိုမိုတန်ဖိုးတက်လာနိုင်ကြောင်း ဖော်ပြထားသည်။

သို့သော် အမေရိကန်ဒေါ်လာမှ အခြားငွေကြေးများဆီသို့ လုံးဝပြောင်းလဲသုံးစွဲနိုင်ခြေမှာမူ လုံလောက်သော အထောက်အထားများ မရှိသေးကြောင်း၊ ထရမ့်၏နိုင်ငံကို အကာအကွယ်ပေးမှုမူဝါဒများ၊ အခွန်ပြုပြင်ပြောင်းလဲမှု အဆိုပြုချက်များသည် ဒေါ်လာတန်ဖိုးကျဆင်းစေကြောင်း၊ ထရမ့်၏ ခန့်မှန်းမရနိုင်မှုသည် ငွေကြေးဈေးကွက်အတွင်း မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်စေနိုင်ကြောင်း၊ ပြီးခဲ့သည့် စွန့်စားရမှုများနှင့်မတူဘဲ ထရမ့်၏ "Sell America" ဆောင်ပုဒ်ကြောင့် အမေရိကန်ဒေါ်လာသည် သိသာစွာ ထိခိုက်ခဲ့ကြောင်း၊ အမေရိကန်အနေဖြင့် ၎င်း၏ အကောက်ခွန်မူဝါဒကို ဆက်လက်တွန်းအားပေးနေပါက ဒေါ်လာကို အပြိုင်ရောင်းချနေရမည်ဖြစ်ကြောင်း၊ "Sell America" ဆောင်ပုဒ်မကျင့်သုံးသည့်တိုင် အမေရိကန်၏ စီးပွားရေးနှေးကွေးခြင်း၊ ဗဟိုဘဏ်၏အတိုးနှုန်းလျှော့ချရန် အလားအလာနှင့်ကမ္ဘာ့စီးပွားရေး တိုးတက်ရန်ခန့်မှန်းချက်များကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး

ကျဆင်းမှုသည် ၂၀၂၅ခုနှစ်နှစ်ဝက်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ဘဏ်၏သုတေသနအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းနိုင်ခြေကြောင့် အာရှဒေသတွင်း ဗဟိုဘဏ်များက စီးပွားရေး ပိုမိုတိုးတက်ရန် အတိုးနှုန်းများ လျှော့ချလာနိုင်ပြီး ထိုမှတစ်ဆင့် ဒေသတွင်းငွေကြေးများအတွက် ကောင်းမွန်သော လည်ပတ်မှုဖြစ်စေနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာကို ကောင်းကျိုးဖြစ်စေမည့် ကာလတို အပေးအယူ၊ အရောင်းအဝယ်များသည် ရွှေ၊ ဆွစ်ဖရန့်၊ စင်ကာပူဒေါ်လာနှင့် ထိုင်းဘတ်တို့ကို ဆိုးကျိုးဖြစ်စေနိုင်သဖြင့် သတိထားရန်လိုကြောင်း၊ ဒေါ်လာ တန်ဖိုးပြန်တက်အောင် ဆောင်ရွက်မှုသည် ကာလတို ရှန်းထွက်မှုတစ်ခုသာဖြစ်ပြီး မလုပ်သင့်သောကိစ္စသာဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရေး ကြိုးပမ်းမှုများသည် ယခုအချိန်ထိ ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ကုန်သွယ်ရေးတွင် ပြည်တွင်းငွေကြေးအသုံးပြုမှုနှုန်း နိမ့်ကျနေဆဲဖြစ်ပြီး ဗဟိုဘဏ်များကလည်း ၎င်းတို့၏ နိုင်ငံခြားငွေကြေးအရန်ငွေနှင့် ပိုင်ဆိုင်မှု (assets)များကိုသာ ပြောင်းလဲသုံးကြကြောင်း၊ငွေချေးစာချုပ်များအပေါ် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသော်လည်း ၎င်းသည် အာဆီယံ၏ အမေရိကန်ဒေါ်လာ သို့မဟုတ် အမေရိကန်ပိုင်ဆိုင်မှု(assets)မှ ရှန်းထွက်လိုသည့် ကိုယ်ပိုင်ဆန္ဒမဟုတ်ဟု ယူဆကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**Source: BERNAMA**

https://www.commerce.gov.mm/

## စားသုံးဆီကြမ်း တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထား အိန္ဒိယလျှော့ချ



ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ အများဆုံးတင်သွင်းသည့် အိန္ဒိယနိုင်ငံသည် အစားအသောက် ဈေးနှုန်းများ ကျဆင်းစေရန်နှင့် ပြည်တွင်း ဆီသန့်စင်မှုလုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန်အတွက် စားသုံးဆီကြမ်းများတင်သွင်းမှုအပေါ်တွင် ကောက်ခံလျက်ရှိသည့် အခြေခံအကောက်ခွန်ကို ထက်ဝက်လျှော့ချလျက် ၁၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အိန္ဒိယအစိုးရက မေလ ၃၁ ရက်နေ့တွင် ပြောဆိုထားသည်။

ယခုလျှော့ချကောက်ခံမည့် အခွန်နှုန်းထား၌ စားအုန်းဆီကြမ်း၊ ပဲပုပ်ဆီကြမ်းနှင့် နေကြာဆီကြမ်းတို့ အကျုံးဝင်မှုရှိသည်။ အိန္ဒိယ၏ စားသုံးဆီအပေါ် အခွန်စည်းကြပ်မှုတွင် အကောက်ခွန်အပြင်စိုက်ပျိုးရေး အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခကြေးငွေနှင့် လူမှုဖူလုံရေး အခကြေးငွေတို့ ပါဝင်သောကြောင့် ယင်းစားသုံးဆီ ၃ မျိုး အပေါ် ကျသင့်သည့် စုစုပေါင်းသွင်းကုန်အခွန်သည် ယခင်က ၂၇ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ယခု ၁၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်သည်။

အကောက်ခွန်နှုန်းထား လျှော့ချမှုကြောင့် ပြည်တွင်းဈေးနှုန်း ကျဆင်းသွားမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ဆီသန့်စင်သည့် လုပ်ငန်းများနှင့် စားသုံးသူများ နှစ်ဦးနှစ်ဖက်အတွက် ကောင်းမွန်မှုရှိသည့် အခြေအနေဖြစ်သည်ဟု အိန္ဒိယဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း (Solvent Extractors' Association) မှ အမှုဆောင်ဒါရိုက်တာ Mr. BV Mehta က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် သန့်စင်ပြီး စားအုန်းဆီ၊ သန့်စင်ပြီး ပဲပုပ်ဆီ သို့မဟုတ် သန့်စင်ပြီး နေကြာဆီ တင်သွင်းမှုတို့အပေါ် ကောက်ခံသည့် အခွန်ကို ပြောင်းလဲမှုမရှိဘဲ ၃၅ ဒသမ ၇၅ ရာခိုင်နှုန်း အတိုင်းထားရှိသည်။

သန့်စင်ပြီးစားသုံးဆီနှင့်ဆီကြမ်းများအကြား ကောက်ခံသည့်သွင်းကုန်အခွန်ကွာဟချက်သည် ၁၉ ဒသမ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာသည့်အတွက် တင်သွင်းသူများအနေဖြင့် သန့်စင်ပြီး ဆီချောများအစား စားသုံးဆီကြမ်းများကို တင်သွင်းလာစေပြီး ပြည်တွင်း ဆီသန့်စင်မှုလုပ်ငန်းကို မြှင့်တင်ရန် တွန်းအားပေးမည်ဖြစ်ကြောင်း Mr. BV Mehta က ထပ်မံပြောကြားခဲ့သည်။

အိန္ဒိယသည် ပြည်တွင်းဟင်းသီးဟင်းရွက်ဆီ လိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ တင်သွင်းခြင်းအားဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စားအုန်းဆီကို အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူတင်သွင်းကြပြီး ပဲပုပ်ဆီနှင့် နေကြာဆီတို့ကို အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းတို့မှ ဝယ်ယူတင်သွင်းကြောင်း သိရသည်။

အိန္ဒိယ ဟင်းသီးဟင်းရွက်ဆီလုပ်ငန်းဆိုင်ရာ အကျိုးဆောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Sunvin Group မှ အမှုဆောင်အရာရှိချုပ်Mr. Sandeep Bajoria က စားသုံးဆီကြမ်းများပေါ်တွင် ကောက်ခံလျက်ရှိသည့် အခြေခံသွင်းကုန်အခွန်လျှော့ချသတ်မှတ်ခြင်းသည် ပြည်တွင်းစားသုံးဆီ ဈေးနှုန်းများ ကျဆင်းစေပြီး မကြာသေးမီလများအတွင်း ကျဆင်းခဲ့သည့် လက်လီဝယ်လိုအားကို ပြန်လည်ရှင်သန်လာစေမည်ဟု ပြောကြားခဲ့ကြောင်း The Edge Malaysia သတင်းဌာန၏ ဖော်ပြချက်ကို သိရသည်။

**Source:TheEdgeMalaysia,31May2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ၅ လအတွင်း ဆန်စပါးတင်ပို့မှုမှ ဒေါ်လာ ၁ ဘီလီယံခန့် ကမ္ဘောဒီးယား ဝင်ငွေရ



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ နိုင်ငံတကာဈေးကွက်များသို့ စပါးနှင့်ဆန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၉၉၃ ဒသမ ၂၄ သန်းရရှိခဲ့ရာ ယခင်နှစ်ကာလတူ၌ တင်ပို့မှုထက် ၆ ဒသမ ၇၈ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့သည်ဟု ဇွန်လ ၄ ရက်နေ့ သတင်းထုတ်ပြန်ရာတွင် ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) က ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၂၄ ခုနှစ် အလားတူကာလ၌ ဆန်တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၂၁၉ ဒသမ ၉၁ သန်းရှိခဲ့ရာမှ ယခုနှစ် ပထမ ၅ လအတွင်း နိုင်ငံပေါင်း ၆၃ ခုသို့ ကြိတ်ခွဲပြီးဆန် ၃၄၄၁၉၉ တန် တင်ပို့လျက် ဒေါ်လာ ၂၅၂ ဒသမ ၃ သန်းသို့ ဝင်ငွေ တိုးတက် ရရှိခဲ့ကြောင်း၊ ဥရောပနိုင်ငံများသို့ ဆန် တင်ပို့မှုသည် ၁၆၀,၇၃၂ တန်ရှိပြီး တန်ဖိုးဒေါ်လာ ၁၂၆ ဒသမ ၇၅ သန်းဖြင့် အများဆုံး ဖြစ်ကြောင်း၊ ၎င်း၏ နောက်တွင် တရုတ်နိုင်ငံသို့ တန်ဖိုး ဒေါ်လာ ၅၂ ဒသမ ၂၅ သန်းရှိသော ဆန်တန်ချိန် ၉၀,၆၆၅ တန် တင်ပို့ နိုင်ခဲ့ကြောင်း၊ အာဆီယံနိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ၄၉၇၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၃၄ ဒသမ ၅၆ ဖြစ်ကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့ရှိ နိုင်ငံပေါင်း ၃၀ သို့ ဆန်တန်ချိန် ၄၃,၀၉၉ တန် တင်ပို့လျက် ဒေါ်လာ ၃၇ ဒသမ ၈ သန်း ဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း အိမ်နီးချင်းနိုင်ငံများသို့ စပါးတင်ပို့မှုမှာ ၃,၁၀၂,၉၇၃ တန်ရှိပြီး ဝင်ငွေ ဒေါ်လာ ၇၄၀ ဒသမ ၉၄ သန်း ရရှိခဲ့ရာယခင်နှစ် ကာလတူတင်ပို့မှုတန်ဖိုး ဒေါ်လာ ၇၁၀ ဒသမ ၂၃ သန်းကို ကျော်လွန်ခဲ့ကြောင်း CRF က ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ စပါးတင်ပို့မှုမှ ဒေါ်လာ ၁၄၉၆ သန်းနှင့် ဆန်တင်ပို့မှုမှ ဒေါ်လာ ၄၁၉ ဒသမ ၁၉ သန်း၊ စုစုပေါင်း စပါးနှင့်ဆန်တင်ပို့မှုမှ ဝင်ငွေ ဒေါ်လာ ၁၉၈၇ ဒသမ ၁၆ သန်းရရှိခဲ့ကြောင်း သိရသည်။

**Source:PhnomPenhPost,4June2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (9.6.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Jun. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,817 (Shares) | 48,835,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | +0 | +0.00% | 6,700 | 6,800 | 6,700 | 214 | 1,449,900 | 33,109,694 | 225,146 |
| MTSH | 00002 | 2,950 | -100 | -3.28% | 3,000 | 3,050 | 2,950 | 8,030 | 23,766,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 24 | 184,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 11,600 | 21,460,000 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 315 | 882,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 584 | 936,900 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 0 | 0 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 50 | 155,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 349.18 | -3.14 | -0.89% | 350.76 | 350.76 | 349.18 | 20,817 | 48,835,100 | 8 | 658,609 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 20,817 (Shares) | 48,835,100 (MMK) |

## Main Board

As of 1:00 pm, 9th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,817 (Shares) | 48,835,100 (MMK) |

| MYANPIX | 349.18 ▼ 3.14 |
|---|---|
| Total Volume (shares) | 20,817 |
| Total Value (MMK) | 49 mil |
| Listed Company | 8 |
| Market Cap. (MMK) | 658,609 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 100 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |